**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၁၆၂ / ၂၀၂၃

၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်

( ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် )

**အမျိုးသားအဆင့်ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံအတွင်း ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတကာမှအကူအညီများ ဆက်သွယ်ရယူဆောင်ရွက်နိုင်ရန်၊ ပညာရပ်ပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်လာပြီး စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်မှ စနစ်တကျစီမံခန့်ခွဲနိုင်ရန် **"အမျိုးသားအဆင့်ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီ( National Renewable Energy Committee )"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ ( ၁ ) |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ ( ၂ ) |
| (ဃ) | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဈ) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | မြို့တော်ဝန်<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဎ) | မြို့တော်ဝန်<br>မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဏ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း | အဖွဲ့ဝင် |
| (ထ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဗိသုကာအသင်း | အဖွဲ့ဝင် |
| (ဒ) | ဥက္ကဋ္ဌ<br>မြန်မာ့ပြန်ပြည့်မြေစွမ်းအင်အသင်း | အဖွဲ့ဝင် |
| (ဓ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (န) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း | အဖွဲ့ဝင် |
| (ပ) | ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ အမျိုးသားအဆင့်ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ပြန်ပြည့်မြဲ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ရေတို / ရေရှည်စီမံချက်များရေးဆွဲ ပြဋ္ဌာန်းနိုင်ရန် ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊

(ခ) အမျိုးသားပြန်ပြည့်မြဲစွမ်းအင်မူဝါဒနှင့် စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို လေ့လာဆန်းစစ်ခြင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ထံ အကြံပြုချက်များ တင်ပြခြင်း၊

(ဂ) ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍတွင် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်လာစေရေး၊ ပြန်ပြည့်မြဲစွမ်းအင်အရင်းအမြစ်များ အသုံးချမှု ပိုမိုမြင့်မားလာစေရေးနှင့် ပြန်ပြည့်မြဲ စွမ်းအင်နည်းပညာများဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်း၊

(ဃ) ပြန်ပြည့်မြဲစွမ်းအင်မှ ထုတ်လုပ်သော ဓာတ်အားကို နိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်နိုင်ရေးကိစ္စရပ်များနှင့် ဓာတ်အားဝယ်ယူခြင်းဆိုင်ရာကိစ္စရပ်များအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) သက်ဆိုင်ရာပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍအလိုက် ဦးစားပေးဆောင်ရွက်ရမည့် သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများကို သတ်မှတ်ရွေးချယ်ပြဋ္ဌာန်းခြင်း၊

(စ) ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့်အများပြည်သူတို့ပါဝင်သော အသင်းအဖွဲ့များအကြား ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဆ) ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်၍ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ အကူအညီများရရှိနိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ဇ) ပြန်ပြည့်မြဲစွမ်းအင်အရင်းအမြစ်များ အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်းနှင့်ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် မရှိမဖြစ်လိုအပ်သော ပစ္စည်းများ၊ စက်ပစ္စည်းများနှင့် ကိရိယာများ တင်သွင်းခြင်းအတွက် အခွန်ဆိုင်ရာကင်းလွတ်ခွင့်များနှင့် အခြားသက်သာခွင့်များ ရရှိနိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ဈ) ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာဗဟုသုတများ တိုးမြှင့်လာစေရေးအသိပညာပေးလုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာနိုင်စေရန်နှင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ အကြောင်းအရာများအား ကျောင်းသင်ခန်းစာ သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ည) ပြည်တွင်းရှိ ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် စွန့်ဦးတီထွင် လုပ်ငန်းများအား ထောက်ပံ့ကူညီရေးအစီအမံများ ရေးဆွဲဆောင်ရွက်ခြင်း၊

(ဋ) ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ သတင်းအချက်အလက်များ ကောက်ယူခြင်း၊ စုစည်း ထိန်းသိမ်းခြင်း၊ သရုပ်ခွဲလေ့လာခြင်းနှင့် အချက်အလက်မျှဝေခြင်းများ ထိရောက်စွာ ဆောင်ရွက်နိုင်သည့် လုပ်ငန်းစဉ်တစ်ရပ်ပေါ်ပေါက်လာစေရန် ဆောင်ရွက်ခြင်း၊

(ဌ) ပြည်တွင်းပြည်ပမှ အလှူငွေ၊ ထောက်ပံ့ငွေ၊ ပစ္စည်းများနှင့် နည်းပညာဆိုင်ရာ အကူအညီများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် လက်ခံရယူခြင်း၊ အထောက်အပံ့များအား ထိရောက်စွာအသုံးချနိုင်ရန် စီမံခန့်ခွဲပေးခြင်း၊

(ဍ) ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ စီမံကိန်းများကြောင့် အများပြည်သူ၏ လူမှုစီးပွားနှင့် သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုကို လေ့လာဆန်းစစ်ခြင်း၊

(ဎ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို အများပြည်သူသိရှိနိုင်အောင် သတင်း ထုတ်ပြန်ခြင်း။

၃။ အမျိုးသားအဆင့်ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီ၏ လုပ်ငန်းများကို အထောက်အကူ ပြုနိုင်ရန်လိုအပ်သော လုပ်ငန်းအဖွဲ့များကို ကော်မတီအနေဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်သည်။

၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၆ – ၁၂ – ၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၇၃ / ၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး